
၂။ မြေပြိုမှုကြောင့် ဒဏ်ရာရသူ ပိတ်မိနေသူများရှိပါက ကယ်ဆယ်ရေးအဖွဲ့သို့ချက်ချင်းအကြောင်းကြားပြီး လိုအပ်သောအကူအညီများပေးပါ။



၃။ မိသားစုဝင်များပျောက်ဆုံးကွဲကွာပါကသက်ဆိုင်ရာ သို့ချက်ချင်းအကြောင်းကြားပါ။



၄။ မြေပြိုခြင်းကြောင့်နောက်ဆက်တွဲ
ဖြစ်လာနိုင်သောရေလွှမ်းမိုးမှု၊
ရွှံ့နုန်းမြေများ၊ မြေသား
အစိုင်အခဲများပြိုကျ
စီးဆင်းလာနိုင်မှု
တို့အားအထူး
သတိပြု
နေထိုင်ပါ။





၅။ မသန့်ရှင်းသော ရေအရင်းအမြစ်များကို မသုံးစွဲပါနှင့်။



၆။ မြေပြိုထားသောနေရာများ၌ အဆောက်အအုံများပြန်လည်တည်ဆောက်ရာတွင် ကျွမ်းကျင်ပညာရှင်များ၏အကြံပြုချက်များ၊ တာဝန်ရှိသူများ၏ လမ်းညွှန်ချက်များအတိုင်းလိုက်နာဆောင်ရွက်ပါ။



၇။ ဘေးအန္တရာယ်ကျရောက်ပြီးနောက်ကိုယ်ဝန်ဆောင်အမျိုးသမီးများ၊ နို့တိုက်မိခင်များ၊ ကလေးသူငယ်များ၊ သက်ကြီးရွယ်အိုနှင့် မသန်စွမ်းသူများအား အထူးဂရုပြုစောင့်ရှောက်မှုပေးပါ။





**မြေပြိုလေ့ရှိသော ဒေသများတွင် နေထိုင်သူများအနေဖြင့် အောက်ဖော်ပြပါအရေးပေါ် သုံးပစ္စည်းများ သင်နှင့် အတူရှိပြီလား ဆန်းစစ်ပါ။**

ပေါ့ပါးပြီး ရေစိုခံကာ သယ်ယူရ လွယ်ကူသော အိတ်ဖြင့်ထည့်ရန်။

- [ ] ရေနှင့် ဓာတ်ဆားများ
- [ ] ကြာရှည်ခံအစားအစာများ
- [ ] ရေးဦးသူနာပြုပစ္စည်းများနှင့် သုံးစွဲနေသည့်ဆေးဝါးများ
- [ ] အရေးပေါ် ခြုံစောင်
- [ ] အဝတ်အစားများ
- [ ] ရေစိုခံမိုးကာ
- [ ] အကြမ်းခံသည့် ဖိနပ်။
- [ ] ဘက်ထရီအပြည့်ရှိသည့် ဖုန်းနှင့် ရေဒီယို
- [ ] လက်နှိပ်ဓာတ်မီး/မီးအိမ်နှင့် ဓာတ်ခဲ အပိုများ
- [ ] ပေါက်တူး၊ ပေါက်ပြား
- [ ] အိတ်ဆောင်ဓါး၊ကြိုး
- [ ] ဆပ်ပြာ၊သွားတိုက်ဆေး





**သဘာဝဘေးအန္တရာယ်ကြုံတွေ့လျှင်ဆက်သွယ်ရန်**
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန
ရုံးအမှတ်(၂၃) နေပြည်တော်
ဖုန်း - ၀၆၇-၄၀၄၃၁၈၊ ၀၆၇-၄၀၄၁၁၄ ဖက်စ်- ၀၆၇-၄၀၄၅၁၂
၂၄ နာရီဆက်သွယ်ရန် - ၀၆၇ - ၄၀၄၆၆၆၊ ၀၆၇ - ၄၀၄၇၇၇
Email - reliefsection11@gmail.com ,
myanmareoc.rrd@gmail.com

သဘာဝဘေးအန္တရာယ်ဆိုင်ရာ
သတင်းအချက်အလက်များကိုအချိန်နှင့်တစ်ပြေးညီ
သိရှိနိုင်ဖို့ DAN Myanmar Application ကိုယခုပဲအခမဲ့ရယူလိုက်ပါ
App Store | Google Play
http://chalkandslate.co/rrd/dan.apk
Android Version အတွက် တိုက်ရိုက် ရယူရန်

Developed by ; | In collaboration with ; | Printed by ;
DRR Working Group Myanmar
USAID FROM THE AMERICAN PEOPLE
MCCDDM
ASDA

# လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန

## မြေပြိုခြင်း ပညာပေးစာစောင်

### မြေပြိုခြင်းအတွက်ကြိုတင်ပြင်ဆင်ရန်များ

၁။မိမိပတ်ဝန်းကျင်ရှိဆင်ခြေလျှောများ၊ ချောင်းစပ်ရေစပ်များတွင် မြေဆီလွှာထိန်းသိမ်းကာကွယ်ရန် သစ်ပင်များစိုက်ပျိုးပါ



၂။ မြေထိန်းနံရံများ တည်ဆောက်ထိန်းသိမ်းမှုများတွင် မိမိတတ်စွမ်းသရွေ့ ပါဝင်ပါ။



၃။ ရွှေ့ပြောင်းတောင်ယာစနစ်အစား လှေကားထစ် စိုက်ပျိုးရေးစနစ်ကိုကျင့်သုံးပါ။



၄။ သစ်တောထိန်းသိမ်းခြင်းလုပ်ငန်းများတွင် အစိုးရ ရပ်ရွာလူမှုအဖွဲ့အစည်းများနှင့်အတူပူးပေါင်းဆောင် ရွက်ပါ။



၅။ တောင်ကုန်းတောင်စောင်းတွင်နေထိုင်သူများ အနေဖြင့် မိမိအိမ်ဝန်းကျင်ရှိမြေပြိုမှုဘေးအန္တရာယ် ဖြစ်နိုင်ခြေနှင့် အိမ်၏ကြံ့ခိုင်မှုကိုပုံမှန်စစ်ဆေးပါ။





၆။ မြေပြိုမှု၊တောင်ပြိုမှုဖြစ်ပွားလေ့ရှိသောနေရာများ ကိုကြိုတင်လေ့လာထားပါ။မြေပြိုမှုဘေးအန္တရာယ် သတိပေးဆိုင်းဘုတ်များ၊အမှတ်အသားများကို သတိပြုပါ။




၇။ မြေပြိုနိုင်သောနေရာများ( မတ်စောက်သော တောင်စောင်းများ၊မြေပျော့သောနေရာများ၊ ရေဝပ် သောနေရာများ)တောင်စွယ်ရေစီးရာလမ်းကြောင်း မိုးရေတိုက်စားသောလျှိုအနီးတွင်အဆောက်အအုံ ဆောက်လုပ်ခြင်းမပြုရ။



၈။ မြေပြိုမည့်ရှေ့ပြေးလက္ခဏာများဖြစ်သည့်

- မိမိတို့၏နေအိမ်တံခါးများဖွင့်ပိတ်ရာတွင် ကျပ်လာခြင်း
- အိမ်၏အုတ်နံရံများအက်လာခြင်း
- ခြံစည်းရိုးများ နေရာရွေ့လာခြင်း
- သစ်ပင်များ နေရာရွေ့ခြင်း၊ စောင်းလာခြင်း
- မြေများ အက်ကွဲခြင်း စသည်တို့ကို သတိပြုမိပါက အမြန်ရွှေ့ပြောင်းရန် လိုအပ်ပါသည်။





၉။ မြေပြိုတတ်သောနေရာများတွင်နေထိုင်သူဖြစ်ပါ ကအရေးပေါ် ပြောင်းရွှေ့နိုင်ရန်နေရာ၊လမ်းကြောင်း များနှင့်မိသားစုဆုံရပ်တို့ကို ကြိုတင်သတ်မှတ် ထားပါ။




၁၀။ တောင်စောင်းအနီးပတ်ဝန်းကျင်တွင်နေထိုင် သူများအနေဖြင့်မိမိတို့ဒေသတွင်မိုးသည်းထန်စွာ ရွာသွန်းခြင်း၊ရေကြီးခြင်း၊ ငလျှင်လှုပ်ခြင်းကြောင့် မြေပြိုခြင်းဖြစ်ပေါ်နိုင်သည်ကိုသတိပြုပါ။



## မြေပြိုမှု ဖြစ်ပေါ် နေချိန်တွင် ပြုလုပ်ရန် အချက်များ

၁။မြေပြိုကျမှုဖြစ်နေသောနေရာများအနီးသို့မလိုအပ်ဘဲ မသွားပါနှင့်။






၂။ မြေပြိုကျမှုဖြစ်နေသောနေရာများတွင်ရောက်နေ ပါကတတ်နိုင်သမျှ အမြန်ဆုံးဘေးလွတ်ကင်းရာသို့ ပြေးပါ။အမြန်ဆုံးမရှောင်ရှားနိုင်ပါကနီးစပ်ရာခိုင်ခံ့ သောနေရာ/အဆောက်အအုံများတွင်ခိုလှုံပါ။ မြေပြိုမှုဖြစ်နေသော နေရာအနီးသို့လာသည့် လူနှင့်ယာဉ်များအား အသိပေးပါ။



## မြေပြိုမှု ဖြစ်ပေါ်ပြီးချိန်တွင် ပြုလုပ်ရန် အချက်များ

၁။ မြေပြိုထားသော ပတ်ဝန်းကျင်၊အဆောက်အအုံများ၊ လျှပ်စစ်မီးကြိုးနှင့်ဝေးဝေးနေပါ၊မြေပြိုခြင်းဒဏ်ခံရသော နေအိမ်အဆောက်အအုံများအား သက်ဆိုင်ရာတာဝန် ရှိသူများ၏ခွင့်ပြုချက်ရမှသာလျှင် ဝင်ရောက်နေထိုင်ပါ။

